# အပ်မ အပ်ချည်နှင့် ညီနောင်ငါးတော်

# The Sewing Needle, Spool of Thread and Five Brothers


မိုးသောက်ကြယ်

Moe Thouk Kyal

ကာတွန်းသရုပ်ဖော် – ထိပ်ထားလေး

Illustrated by Htate Htar Lay


## เข็มและด้าย กับพี่น้องห้าเกลอ


ผู้เขียน-โม-เต้ากแจ่

ภาพวาด-เท่ก ทาเล



เป็นนิทานที่ประสงค์ให้เห็นความสำคัญของการร่วมแรงร่วมใจกัน เพื่อให้กิจกรรมได้สำเร็จลุล่วงเป็นผลสัมฤทธิ์


สำนักพิมพ์... Third story project

จำนวนหน้า...23

Third Story Project

သဒ်စတိုရီပရောဂျက်မှ ထုတ်ဝေသည်။

# အပ်မ အပ်ချည်နှင့် ညီနောင်ငါးဖော်

# The Sewing Needle, Spool of Thread and Five Brothers




မိုးသောက်ကြယ်

Moe Thouk Kyal

ကာတွန်းသရုပ်ဖော် – ထိပ်ထားလေး

Illustrated by Htate Htar Lay

စာတည်း – ရွှေမိ

Edited by Shwe Mi


တတိယအမြင် ပုံပြင်များ စာစဉ်


Third Story Project

Hans Christian Andersen (1846) ၏ THE DARNING NEEDLE ပုံပြင်ကို ကျောရိုးယူ ရေးသားပါသည်။


Inspired by Hans Christian Andersen's Darning Needle.



ထုတ်ဝေသူ - ဒေါ်အိပွင့်ရှိဖ (၀၁၇၉၃)
သဒ္ဒစတိုရီပရောဂျက်စာပေတိုက်
အမှတ် (၈၆)၊ မြေညီထပ်၊ ၅၂ လမ်း (လယ်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။


ပုံနှိပ် - ရွှေပုံနှိပ်တိုက် (မြ-၀၀၆၃၂၆)
အမှတ် (၁၅၃/၁၅၅)၊ သစ်တောဝင်း (အောက်လမ်း)
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်။




တစ်ခါတုန်းက အဝတ်အထည်တွေကို ဖာထေးတွဲစပ် ချုပ်ပေးနိုင်တဲ့ အပ်မလေး တစ်ချောင်းရှိတယ်။ သူဟာ စုတ်ပြဲနေတဲ့ အဝတ်အထည်တွေကို အကောင်းပကတိ ဖြစ်သွားအောင် သိပ်ချုပ်ပေးချင်တာပဲတဲ့။ အပ်မလေးလို အဝတ်အထည်တွေကို ကောင်းမွန်အောင် လုပ်ပေးချင်နေတဲ့ နောက်တစ်ယောက်ကတော့ အပ်ချည်လုံးလေးပေါ့။










အပ်မလေးနဲ့ အပ်ချည်လုံးတို့ဟာ သူတို့ချည်းပဲတော့ အဝတ်တွေကို ဘယ်ချုပ်နိုင်မလဲ။ သူတို့ကို ကူညီဖို့ လက်ချောင်းလေးတွေ လိုတာပေါ့။ ဒါပေမဲ့ အဲ့ဒီ လက်ချောင်းလေးတွေဟာ တစ်ချောင်းနဲ့ တစ်ချောင်း ပုံစံတွေမတူကြသလို အချင်းချင်းလည်း မတည့်ကြဘူး တဲ့လေ။






အကြီးဆုံးဖြစ်တဲ့ အစ်ကိုကြီး **ဒေါက်တို**ဟာ ပုပုဝဝနဲ့ စိတ်ကလည်း သိပ်တိုတာပဲတဲ့။ သူဟာ ဘယ်သူနဲ့မှမပေါင်းဘဲ သီးခြားနေတတ်သူပေါ့။ နောက်တစ်ချောင်းကတော့ နေရာတကာ ဝင်ပါပြီး လူတိုင်းကို ဆရာကြီးလုပ်တတ်တဲ့ **ရှန်လို**ပါပဲ။ သူဟာ အချိူ၊ အချဉ်၊ အစပ်စတဲ့ အရသာ မှန်သမျှကို တို့ တို့ပြီး မြည်းတတ်သေးတယ်။ တခြားသူတွေကိုလည်း မမျှဝေတတ်ဘူးတဲ့။








အလယ်မှာ ရှိနေတာကတော့ **သူ့ထက်ကဲပါ**။ သူများထက် ထူးထူးကဲကဲ သာလိုက်ရမှ ပျော်နေတတ်တယ်။ သူများထက် အရပ် ပိုမြင့်တယ် ဆိုပြီး ဘဝင်မြင့်နေတဲ့သူပေါ့။ နောက်တစ်ချောင်းကတော့ **ရွှေပြည်စိုး** လို့ခေါ်တဲ့ ရွှေတွေ ငွေတွေ တဝင်းဝင်းနဲ့ ချမ်းသာသူကြီးပေါ့။ သူသာ အချမ်းသာဆုံးဆိုပြီး တခြားသူတွေကို မတူမတန်သလို ဆက်ဆံတတ်တာ ရွှေပြည်စိုးပါပဲ။





အားလုံးထဲက အသေးဆုံးနဲ့ အငယ်ဆုံးလေးကတော့ **ညီပုလေး** ပါပဲကွယ်။ သူဟာ ဘာမှမလုပ်တတ်ပေမယ့် အဲ့ဒီလို မလုပ်တတ်တာကိုပဲ ဂုဏ်ယူနေတတ်သေးတယ်။ သူတို့ငါးချောင်းဟာ တစ်ချောင်းနဲ့တစ်ချောင်း သူသာတယ် ငါသာတယ်နဲ့ မတည့်ကြဘူးလေ။